ဖိုကိုလာရေလှုပ်ရှားမှု

## အသက်ပေးသည့် နှုတ်တော်ထွက်စကား

စက်တင်ဘာလ ၂၀၁၇

"ငါ့နောက်လိုက်လိုသောသူသည် မိမိကိုယ်ကိုငြင်းပယ်၍ မိမိ၏လက်ဝါးကပ်တိုင်ကိုထမ်းကာ ငါ့နောက်သို့လိုက်စေ။" (မာတေဦး ၁၆:၂၄)

သခင်ယေရှုသည် လူထုအကြားသူ့အသက်တာ၏ လမ်းတစ်ဝက်ရောက်လျက်ရှိပါပြီ။ ကိုယ်တော်ရှင် ထမ်းဆောင်ရမည် တာဝန်ဝတ္တရားမှာလည်း အရှိန်အဟုန်ဖြင့်သွားလျက်ရှိပြီး ဘုရားသခင်၏နိုင်ငံတော်တည်လုနီးပြီ ဆိုသည့် ကျေညာလျက် သူသည် ဂျေရုဆလင်မြို့သို့သွားရန် ပြင်ဆင်နေပါသည်။ တပည့်တော်ကြီးများသည် ကိုယ်တော်ရှင်၏ ကြီးမြတ်လှသောတာဝန်ကိုစပြီးဆုပ်ကိုင်မိခဲ့ကြသောအခါမှ သူသည် အစ္စရေးလူမျိုးတို့အားလုံး တောင့်တမျှော်လင့်ခဲ့ကြသည့် ဘုရားသခင်စေလွှတ်တော်မူသောသူဖြစ်ကြောင်း သိမြင်လာခဲ့ကြပါသည်။ သူတို့က ရောမတို့၏အုပ်ချုပ်မှုလက်အောက်မှ လွတ်မြောက်ရေးနှင့် ငြိမ်းချမ်းပေါကြွယ်ဝသော သာ၍ကောင်းမွန်ရာလောကသစ်ကြီးကို မျှော်လင့်ခဲ့ကြပါသည်။

သို့သော် သခင်ယေရှုက အဆိုပါစိတ်ကူးအိပ်မက်ကို အားပေးခြင်းမရှိဘဲ သူ့၏ ဂျေရုဆလင်သို့သွားမည့်ခရီးမှာ အောင်နိုင်ဖို့ ဦးဆောင်ရန်မဟုတ်ဘဲ ငြင်းပယ်ခံရခြင်း၊ ဒုက္ခဝေဒနာခံထမ်းခြင်းနှင့်အသေခံရမည့်အကြောင်းကို ရှင်းရှင်းလင်းလင်းမြွက်ဆိုခဲ့ပါသည်။ သူသည် သုံးရက်မြောက်နေ့တွင် ရှင်ပြန်ထမြောက်မည့်အကြောင်းကိုလည်း ဖေါ်ပြခဲ့ပါသည်။ အဆိုပါစကားများမှာ နားလည်ရန်နှင့်လက်ခံနိုင်ရန် ခက်ခဲလှသည်ဖြစ်၍ ပေတရုက ယင်းကား မိုက်မဲသောစိတ်ကူးအဖြစ် ဆန့်ကျင်ကန့်ကွက်ခဲ့ပါသည်။ အမှန်က သူသည် သခင်ယေရှုအား လက်လျှော့သွားစေရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။

ပေတရု၏ပြင်းထန်စွာတိုက်တွန်းမှုပြီးနောက် သခင်ယေရှုက တပည့်တော်ကြီးများဘက်သို့လှည့်ပြီး လွန်စွာမှ စိတ်အနှောင့်အရှက်ဖြစ်စရာဖိတ်ခေါ်မှုကိုပြုခဲ့ပါသည်။

### "ငါ့နောက်လိုက်လိုသောသူသည် မိမိကိုယ်ကိုငြင်းပယ်၍ မိမိ၏လက်ဝါးကပ်တိုင်ကိုထမ်းကာ ငါ့နောက်သို့လိုက်စေ။"

အဆိုပါနှုတ်တော်ထွက်စကားများထဲတွင် သခင်ယေရှုက သူ၏တပည့်တော်ကြီးများနှင့်တကွ ယခုတိုင်အောင်မည်သည့်အရာကိုတောင်းဆိုနေပါသနည်း။ ကိုယ်တော်ရှင်က ကျွန်ုပ်တို့ကိုယ်ကို စက်ဆုပ်ရွံရှာစေလိုခြင်းလား၊ ကျွန်ုပ်တို့အား ခြိုးခြံခြင်းအသက်တာ၌စွဲမြဲကျင့်ကြံစေလိုခြင်းလား၊ ဘုရားသခင်အားပို၍နှစ်သက်အားရမှုရှိစေရန် ဒုက္ခဝေဒနာကို ရှာဖွေဖို့ တောင်းဆိုနေခြင်းလား။

အမှန်မှာ အသက်ပေးသည့်နှုတ်တော်ထွက်စကားက ကျွန်ုပ်တို့အား သခင်ယေရှုခြေရာအတိုင်း လိုက်လျှောက်ဖို့နှင့် ကိုယ်တော်ရှင်နှင့်ပို၍တူလာစေရန် သမ္မာကျမ်းစာတော်မြတ်၏တန်ဖိုးများနှင့် တောင်းဆိုချက်များအား လက်ခံရန် အသင့်ရှိနေစေဖို့ တိုက်တွန်းခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်တော်ရှင်ပြုခဲ့သည့်အတိုင်း ကျွန်ုပ်တို့လျှောက်လှမ်းရာ

လမ်းခရီးတွင် လက်ဝါးကပ်တိုင်၏အရိပ်ပေါ်လာသည့်အချိန်မှာပင်လျှင် အသက်တာတစ်လျှောက်လုံး ပြည့်ပြည့်ဝဝ အသက်ရှင်နေထိုင်သွားဖို့ ဖြစ်သည်။

**“ငါ့နောက်လိုက်လိုသောသူသည် မိမိကိုယ်ကိုငြင်းပယ်၍ မိမိ၏လက်ဝါးကပ်တိုင်ကိုထမ်းကာ ငါ့နောက်သို့ လိုက်စေ။”**

ကျွန်ုပ်တို့တစ်ဦးချင်း၌ လက်ဝါးကပ်တိုင်ကိုယ်စီရှိကြသည်မှာ မငြင်းနိုင်ပါ။ ပုံစံအမျိုးမျိုးနှင့်ဒုက္ခဝေဒနာမှာ လူ့အသက်တာ၏အစိတ်အပိုင်းတစ်ခုပင်ဖြစ်၏။ ထိုအရာတွင် မထင်မှတ်ထားသောအလင်းကို ရှာဖွေတွေ့ရှိစေရန်သခင်ယေရှုက အတိအကျ သွန်သင်ထားတော်မူသော်လည်း ယင်းက ကျွန်ုပ်တို့နားလည်နိုင်စွမ်းကိုကျော်လွန်ပြီး ကျွန်ုပ်တို့တောင့်တမျှော်လင့်သော ဝမ်းမြောက်ပျော်ရွှင်မှုနှင့် သွေဖီနေပုံရသည်။ ယင်းက အလင်းရောင်မရှိသော ဘုရားကျောင်းထဲသို့ဝင်သွားရာတွင် ရောင်စုံပုံဖော်ခြယ်မှုန်းထားသည့်ပြူတင်းပေါက်တို့သည် အပြင်မှကြည့်လျှင် အုံ့မှိုင်းလျက် ငြီးငွေ့ဖွယ်ကောင်းသော်လည်း အတွင်းထဲမှကြည့်သောအခါအံ့သြဖွယ်ရာအလင်းရောင်ကို တွေ့မြင်လိုက်ရသကဲ့သို့ပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်နောက်သို့လိုက်လိုပါလျှင် သခင်ယေရှုက ကျွန်ုပ်တို့၏တန်ဖိုးထားမှုစံနစ်ကို ပြောင်းလဲပစ်ဖို့၊ ကျွန်ုပ်တို့ကိုယ်ကို လောကီရေးရာ၌ဗဟိုထားမှုမှကင်းဝေးအောင်နှင့် မိမိကိုယ်ကျိုးအတွက်ပဲကြည့်တတ်သည့်သဘောမှ ငြင်းပယ်ကြရန်တောင်းဆိုပါသည်။ ကိုယ်တော်ရှင်က အခြားသူတို့၏လိုအပ်မှုများကို မိမိ၏ကိုယ်ပိုင်လိုအပ်မှုထက်ပိုပြီးအလေးထားဖို့နှင့် သူပြုခဲ့သည့်အတိုင်း ကျွန်ုပ်တို့၌ရှိသောစွမ်းအားကို အခြားသူတို့ ဝမ်းမြောက်ပျော်ရွှင်စေရန် အသုံးပြုကြစေလိုပါသည်။ ကိုယ်တော်ရှင်သည် သူဆုံတွေ့ခဲ့သမျှသောလူတိုင်းအား နှစ်သိမ့်မှုနှင့် မျှော်လင့်ချက်ကိုပေးရန်အခွင့်အရေးပျက်ကွက်ခဲ့ခြင်းမရှိခဲ့ပေ။ တစ်ကိုယ်ကောင်းဆန်မှုမှ လွတ်မြောက်စေမည့် ထိုလမ်းစဉ်ကို လိုက်လျှောက်ကြခြင်းဖြင့် ကျွန်ုပ်တို့သည်လည်း လူ့ဘောင်လောကအတွင်း ရှင်သန်ဖွံ့ဖြိုးလျက် ပြည့်စုံကုံလုံသောကိုယ်ရည်ကိုယ်သွေးကို ဖြစ်စေသော လွတ်လပ်ခြင်းကိုပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

**“ငါ့နောက်လိုက်လိုသောသူသည် မိမိကိုယ်ကိုငြင်းပယ်၍ မိမိ၏လက်ဝါးကပ်တိုင်ကိုထမ်းကာ ငါ့နောက်သို့ လိုက်စေ။”**

သခင်ယေရှုက ကျွန်ုပ်တို့နေထိုင်လျက်ရှိသော လူမှုဘဝအတွင်းဝယ် ပို၍ဖြစ်စေ၊ လျော့၍ဖြစ်စေ နားလည်မှုရှိခြင်းအားဖြင့် ယုံကြည်ခြင်း၌စုံစမ်းခြင်းခံရသည့်တိုင် သမ္မာကျမ်းစာတော်မြတ်ကို သက်သေခံသူများဖြစ်စေရန် ဖိတ်ခေါ်လျက်ရှိပါသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့နှင့်အတူရှိလျက် တစ်လောကလုံး ညီအစ်ကိုမောင်နှမများပမာဖြစ်ခြင်း၊ ချစ်ခြင်းမေတ္တာလူ့ဘောင်ယဉ်ကျေးမှုကြီးဆိုသည့် ပေါ်လွင်ထင်ရှားဆုံးသော အသက်တာလမ်းစဉ်များအတွက် ကျွန်ုပ်တို့သည်လည်း သူ့နှင့်အတူပါဝင်အသက်ရှင်စေလိုပါသည်။

အဆိုပါချစ်ခြင်းမေတ္တာ၌ စိတ်အားထက်သန်ပြင်းပြမှုသည် လူသားတို့၏နှလုံးသားဝယ် နက်ရှိုင်းစွာရှိဖို့လိုအပ်ပါသည်။ ထိုစိတ်ထားမျိုးကို မိမိတို့၏သြတ္တပ္ပစိတ်အသံကို အဆုံးတိုင်နားထောင်လိုက်လျှောက်ခဲ့ကြသည့် ခရစ်ယာန်ဘာသာဝင်မဟုတ်သော ထင်ရှားသည့်ပုဂ္ဂိုလ်ကြီးများတွင်တွေ့ရပါသည်။ ဂန္ဒီက “အကယ်၍ တစ်စုံတစ်ယောက်က ကျွန်ုပ်ကိုလုပ်ကြံခဲ့ပြီး ကျွန်ုပ်၏နှုတ်ဖျားမှ ထိုလုပ်ကြံသူအတွက်ဆုတောင်းပေးရင်းသေသွားခဲ့လျှင်၊ ကျွန်ုပ်၏စိတ်နှလုံးနားခိုရာနေရာတွင် ဘုရားသခင်သည်သတိတရနှင့် တည်ရှိနေပါလျှင် ရဲရင့်သူ၏အကြမ်းမဖက်စိတ်ထားအဖြစ် ကျွန်ုပ်တစ်ယောက်တည်းဆိုပါမည်။” ဟုရေးသားခဲ့ပါသည်။

ကယားရာလူးဘစ်သည် သခင်ယေရှုလက်ဝါးကပ်တိုင်ထက် တင်သတ်ခံရခြင်းနှင့် စွန့်ပစ်ခံသခင်ယေရှုတည်းဟူသော နက်နဲရာအချက်၌ ပုဂ္ဂလဒဏ်ရာချက်နှင့် လူပုဂ္ဂိုလ်အချင်းအချင်း၊ အဖွဲ့အစည်းများအကြား၊ လူအများအကြား ညီညွတ်မှုပျက်ပြားခြင်းတို့ကို ကုစားဖို့ရန်အဖြေကို တွေ့ရှိခဲ့ပါသည်။ သူမ၏ရှာဖွေတွေ့ရှိမှုကို အတတ်နိုင်ဆုံးလူပေါင်းများစွာသို့မျှဝေခဲ့ပါသည်။ ၂၀၀၇ ခုနှစ်အတွင်း လှုပ်ရှားမှုကြီးနှင့် အသင်းတော်အသီးသီးမှ အဖွဲ့အစည်းအသိုင်းအဝိုင်းတို့ Stuttgart မြို့တွင် ပူးပေါင်းကြီးမှူးကျင်းပခဲ့သည့်ပွဲတစ်ရပ်တွင် ကယားရာက *“ကျွန်ုပ်တို့အားလုံး အသက်တာတွင် ခံစား*

*ခဲ့ကြဖူးသည့် ဒုက္ခဝေဒနာတို့မှာ အနည်းဆုံး ကိုယ်တော်ရှင်ခံထမ်းခဲ့ရခြင်းနှင့်အနည်းငယ်ဆင်တူသည်. . . ၊ ထိုဒုက္ခဝေဒနာတို့ကို ကျွန်ုပ်တို့ခံစားရသည့်အခါ သခင်ယေရှုးကိုယ်တော်တိုင်ခံထမ်းခဲ့ခြင်းအကြောင်းကို သတိရကြရပေမည်။ ယင်းတို့မှာ ကိုယ်တော်ရှင်အတူရှိနေသည့်အလား သူ၏ဝေဒနာ၌ မျှဝေခံစားခြင်းပင်ဖြစ်သည်။ သခင်ယေရှုးပြုခဲ့သည့်အတိုင်း ကျွန်ုပ်တို့လည်းပြုကြပါစို့။ ကိုယ်တော်ရှင်သည် ထိုဒုက္ခဝေဒနာကြောင့် ချိနဲ့ယိုင်လဲမသွားသည့်အပြင် "အိုအဖ၊ ကျွန်ုပ်၏စိတ်ဝိညာဉ်ကို ကိုယ်တော်၏လက်တော်၌အပ်လိုက်ပါပြီ" ဟု ကျယ်လောင်သောအသံဖြင့် ဟစ်ကြွေးရင်း (လုကာ၂၃း၄၆) မိမိကိုယ်ကို အဖခမည်းတော်နှင့်တစ်ဖန်ဝေးကွာစေခဲ့ပါသည်။ "သင့်ကိုချစ်တယ်" ဆိုသည့်စကားက သင့်ကိုအမှတ်ရစေသလို သင်၏မြောက်မြားစွာသောသွင်ပြင်များထဲမှ တစ်ခုဖြစ်သည့် ရင်ဖွင့်ဖေါ်ပြမှုလည်းဖြစ်၏။ ထို့အပြင်အကယ်၍များမကြာမီအချိန်မှာ ဘုရားသခင်တောင်းဆိုသည့်အတိုင်း ကျွန်ုပ်တို့ကိုယ်ကို ချစ်ရသောညီအစ်ကိုမောင်နှမများအတွက် ပေးဆက်ကြရမည်ဆိုလျှင် ကျွန်ုပ်တို့အမြဲတမ်းလိုလို ကြုံတွေ့ခံစားနေရသောဒုက္ခဝေဒနာသည် ဝမ်းမြောက်ပျော်ရွှင်ခြင်းအဖြစ်သို့ ပြောင်းလဲသွားပေမည်။ ကျွန်ုပ်တို့ကျင်လည်နေသောအဝိုင်းအဝန်းအတွင်းမှာပင်လျှင် ကျွန်ုပ်တို့အားနာကျင်ခံစားမှုဖြစ်စေသော ကွဲပြားခြားနားမှု ကြီးကြီးဖြစ်စေ၊ သေးသေးဖြစ်စေ ကြုံတွေ့ရနိုင်ပါသည်။ ယင်းတို့အထဲမှာပင်လျှင် ကိုယ်တော်ရှင်၏မျက်နှာတော်ကို မြင်လျက်သိမှတ်ကြရမည်ဖြစ်ပြီး ကျွန်ုပ်တို့ဘာသာဒုက္ခဝေဒနာကိုကျော်လွှားကြရမည်၊ ထို့နောက် ညီအစ်ကိုမောင်နှမများသဖွယ်တစ်ဖန်ပြန်လည်ဖြစ်လာစေဖို့ မည်သည့်အရာကိုမဆိုလုပ်ဆောင်ကြရပေမည်။ တစ်လုံးတစ်ဝတည်းရှိခြင်းဆိုသည့်စံပြယဉ်ကျေးမှုနှင့် သွားရာလမ်းကြောင်းမှာ လက်ဝါးကပ်တိုင်ထက်မှစွန့်ပစ်ခံသခင်ယေရှုးပင်ဖြစ်ပါသည်။"* ဟု ဖေါ်ပြခဲ့ပါသည်။

*Letizia Magri*